ဂျပန်သံရုံး

၁၄ ဩဂုတ် ၂၀၁၅

<u>မြန်မာနိုင်ငံရေဘေးသင့်ဒေသများ အတွက်အရေးပေါ်အထောက်အပံ့ အမေရိကန်ဒေါ်လာ (၂.၆)သန်းပေးအပ်ခြင်း</u>

ဂျပန်အစိုးရသည် ၂၀၁၅ ခုနှစ်ဩဂုတ်လ(၁၄)ရက်(သောကြာနေ့) က မြန်မာနိုင်ငံရေဘေးအတွက် အရေးပေါ်အကူအညီထောက်ပံ့ငွေအမေရိကန် ဒေါ်လာ (၂.၆)သန်း(ဂျပန်ယန်း၃၂၅ သန်း)ကို ပေးအပ်ရန် ဆုံးဖြတ်ခဲ့သည်။

ယခုအကြိမ်ထောက်ပံ့မှုသည် ရေဘေးကယ်ဆယ်ရေးအတွက် ဂျပန်အစိုးရက အထောက်အပံ့ ပေးသမျှတွင် အများဆုံးဖြစ်သည်။

ဤထောက်ပံ့မှုသည် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများအဖြစ် အစားအစာ၊ ရေနှင့် သန့်ရှင်းရေး၊နားခိုရန်နေရာနှင့် နေ့စဉ်သုံး ပစ္စည်းများကို ကမ္ဘာ့စားနပ် ရိက္ခာ အစီအစဉ်၊ (WFP) (ဒေါ်လာ ၁.၃ သန်း)၊ကမ္ဘာ့ကုလသမဂ္ဂကလေးများရံပုံငွေ(UNICEF) (ဒေါ်လာ၀.၆၅ သန်း)၊အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ချုပ် (IFRC)(ဒေါ်လာ၀.၄ သန်း)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) (ဒေါ်လာ၀.၂၅ သန်း) တို့မှတစ်ဆင့် ပေးအပ်မည်ဖြစ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊(WFP)အနေဖြင့်လည်း ဂျပန်အစိုးရကငင်းသို့ ထောက်ပံ့ရန်ကြေငြာခဲ့သည့် အမေရိကန်ဒေါ်လာ ၈.၃၃ သန်းတန်ဖိုးရှိ စားနပ်ရိက္ခာအထောက်အပံ့ ထဲမှ တချို့ကိုဤရေဘေးကယ်ဆယ်ရေး အတွက် အသုံးပြုမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဩဂုတ်လ(၅)ရက်နေ့တွင်ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံအစိုးရသို့ ပေးအပ်ခဲ့သော စောင်(၆၀၀၀)ထည်၊ အိပ်ရာ(၁၀၀၀)၊ ပလပ်စတစ်တာပေါ်လင်(၉၀)လိပ် စသည့်အရေးပေါ်ထောက်ပံ့ရေး အကူအညီပေးပြီးနောက် ဤအဖွဲ့အစည်း(၄)ခုမှတဆင့် ယခုအထောက်အပံ့ ကို ပေးအပ်လှူဒါန်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။